ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

၂၀၁၇ ခုနှစ် ပင်လည်ဘူးမြို့

မာတိကာ

၁။ ပင်လည်ဘူးမြို့နယ် မြေပုံ..........2

၂။ မိုင်းတုံးတာအုပ်စုမြေပုံ..........3

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ..........3

၄။ ကျေးရွာအခြေခံအချက်အလက်များ..........4

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်..........5

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ..........7

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ..........26

၈။ ကော်မတီဝင်များစာရင်း..........31

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်..........32

၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား..........35


၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်..........37

၁၂။ ပုံစံ စ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ..........39


၁၃။ အစည်းအဝေး မှတ်တမ်းများ..........40

၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်..........44

## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ



၂။မိုင်းတုံးတာအုပ်စုမြေပုံ




၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

မိုင်းတုံးတာကြီး၊ မိုင်းတုံးတာလေး ကျေးရွာတို့ပါဝင်သည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ဟိုရှေးယခင်က တောင်သုံးလုံးတောင်တွင် ပဒူကြီး(ဖို+မ) ရှိခဲ့ကြသည်။ ထိုပဒူကြီးများသည် ပုခက်တွင်းရှိကလေးများကိုပင် ချီယူနိုင်သည်အထိ ကြီးမားကြပါသည်။ ပဒူကြီးများ၏ ဘေးရန်ကိုစိုးရိမ်တာကြောင့် ပဒူကြီးများကို တိုက်ထုတ်ရန် မုန်ယူးကသက်ကယ်၊ မန်ကပ်က ဂါးကပ်စသည်ဖြင့် လုပ်ဆောင်ရန် ခွဲဝေ တာဝန်ယူကြသည်။ ဤသို့ဖြင့် ပဒူကြီးများကို တိုက်ထုတ်အောင်ပွဲ ရခဲ့သည်။ ပဒူကြီးများ အောင်သေအောင်သားချက်စားရန် ခွဲဝေကြရာ မိုင်းတုံးတာကြီးကျေးရွာအတွက် ပဒူခြေထောက်တစ်ချောင်းမျှသာ ဝေစုရရှိခဲ့သည်။ ကဒူးဘာသာဖြင့် ခြေထောက်ကို မုန်း ဟု အမိပ္ပါရသည်။ ခြေထောက်တစ်ချောင်းရသော ရွာဟုသတ်မှတ်ကြသည်။ ပြီးလျှင် မြန်မာမင်းလက်ထက် နယ်မြေခွဲဝေကြသောအခါ ကျောက်တုံးကြီးအား မြားထိပ်တွင် ဖယောင်းမတပ်ဘဲ ပစ်၍ မြားမှာ မြေသို့ကျလေ၏။ကျောက်တုံးအား မြားနှင့်ပစ်၍ မစူးနိုင်ဟု အသိဉာဏ်မရှိ မိုက်မဲသောသူကို ဦးတည်၍ မိုက်တုံးတာဟု ခေါ်ဆိုခဲ့သည်။ နောင်ကြသောအခါ မိုင်းတုံးတာကြီးကျေးရွာဟု ခေါ်ဆိုခဲ့ကြပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၄၆ | ၁၃၄ | ၁၂၀ | ၂၅၄ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၄ | ၈ | ၆ | ၁၄ |
| မြေယာမဲ့ | - | - | - | - |
| မသန်စွမ်း | - | - | - | - |

### ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | စျေးရောင်း | လယ်ကူလီ |
| မြေပဲ | ဝက် | | |
| ကြက်သွန် | ကျွဲ | | |
| | နွား | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၈ ဧက | ၂၅ ဧက | ၈၅ ဧက | ရှိ | ၆ /- | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | - | - | ၃ | - | ၁ | ၂ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | - | ၆၅ | ၁၅ | ၈၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၃၃ | ၂၁ | - | ၅၀ | |
| | | | | | |

## ၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | - | -/- | - | - | ၈၀ | - | - |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း(Wealth Ranking) | ၆-၁-၂၀၂၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး၊ အလွန်နွမ်းပါးအုပ်စများ | ၂၀ | ၂၀ | ၄၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၉-၁-၂၀၂၄ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၃ | ၁၉ | ၄၂ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social Map/ Resource Map) | ၆-၁-၂၀၁၅ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၂၀ | ၂၀ | ၄၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၇-၁-၂၀၁၅ | အမျိုးသား/သမီးများကော်မတီဝင်များ | ၂၃ | ၁၉ | ၄၂ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၇-၁-၂၀၁၅ | အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ ရပ်မိရပ်ဖအုပ်စု | ၂၃ | ၁၉ | ၄၂ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ်မူတည်၍ ဆုံးဖြတ်သည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၆-၁-၂၀၁၅ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာ စီ/ ထောက်အဖွဲ့ | ၂၀ | ၂၀ | ၄၀ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၇ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၆-၁-၂၀၁၅ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၀ | ၂၀ | ၄၀ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၈ | ကျား၊မ ရေးရာခွဲခြမ်းစိတ်ဖြာခြင်း | ၆-၁-၂၀၁၅ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၂၀ | ၂၀ | ၄၀ | ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည်ပုံစံများ |
| ၉ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၇-၁-၂၀၁၅ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၂၃ | ၁၉ | ၄၂ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | **အိမ်အခြေအနေ-** အုတ်တိုက်၊ ပျဉ်ထောင်သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၈ ဧကအထက်<br>**ကျွဲ၊ နွား-** ၅ ကောင်အထက်<br>**အခြားပိုင်ဆိုင်မှု-** ဆန်စက်၊ ထွန်စက်၊ ၊ ကား၊ ဈေးဆိုင် | ၁၂ | ၂၆% |
| အလယ်အလတ် | **အိမ်အခြေအနေ-** ပျဉ်ထောင်သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၅-၈ ဧကကြား<br>**ကျွဲ၊ နွား-** ၅-၃ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ ထွန်စက် | ၂၂ | ၄၈% |
| နွမ်းပါး | **အိမ်အခြေအနေ-** ထရံကာ သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၃-၁ ဧကကြား<br>**ကျွဲ၊ နွား-** ၃-၁ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ် | ၁၂ | ၂၆% |
| အလွန်နွမ်းပါး | **အိမ်အခြေအနေ-** ထရံကာ သက်ကယ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** မရှိ<br>**ကျွဲ၊ နွား-** မရှိ<br>**အခြားပိုင်ဆိုင်မှု-** မရှိ | - | - |
| စုစုပေါင်း | | စုစုပေါင်း | ၁၀၀ |

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ရာသီအလိုက် စိုက်ပျိုးသီးနှံများ၊ ရိတ်သိမ်းမှုများ၊ စိုက်ပျိုးချိန်အတွင်း နေ့စားလုပ်ငန်းရှိ/မရှိ စသည်တို့အားဆွေးနွေးခြင်း၊ မွေးမြူရေးအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုရှိ/မရှိ၊ ဂမ်းစာအခြေအနေ၊ ပွဲတော်များအကြောင်းဆွေးနွေးခြင်း။

## သုံးသပ်ချက်

ကဆုန်၊ နယုန်လများတွင် စပါးပျိုးကာ၊ ဂါခေါင်လတွင် စိုက်ပျိုးကြပါသည်။ စပါး၊ မြေပဲ၊ ကြက်သွန် စသည်တို့ကိုစိုက်ပျိုးကာ ရာသီအလိုက် သီးနှံပေါ်ထွန်းချိန်၌သာ နေ့စားလုပ်ငန်းများရှိပြီး တစ်နေ့ဝင်ငွေ (၃၀၀၀)ကျပ် နှုန်းဖြင့်လုပ်ကိုင်ကြောင်းသိရှိရပါသည်။ ကျွဲ၊ နွား၊ ကြက်၊ ဂက် များကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နေ့စားလုပ်ငန်း စသဖြင့် အိမ်ထောင်စုတစ်စု၏ တစ်နှစ်တာဝင်ငွေ (၁၀၀၀၀၀၀)ကျပ်ခန့် ရရှိနိုင်ပါသည်။ ဂမ်းစာဖူလုံမှု အခြေအနေမှာ ဂါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ဖူလုံမှုမရှိကြကြောင်းသိရှိရပါသည်။ မိုးရာသီတွင် ရံဖန်ရံခါ လေပြင်းတိုက်ခြင်း၊ မြေပြိုခြင်း၊ ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ပွင့်လင်းရာသီတွင် ပြောင်းရွှေ့လုပ်သားများရှိကြောင်း၊ အခြားဒေသသို့ သွားရောက်လုပ်ကိုင်ကြောင်း သိရှိရပါသည်။ လရာသီတိုင်း ရာသီအလိုက် ပွဲတော်များ၊ အလှူမင်္ဂလာပွဲများကျင်းပပြုလုပ်ကြကြောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

မိုင်းတုံးတာကြီးကျေးရွာအတွင်းရှိ လူနေထိုင်မှုအခြေအနေများအား ဆွေးနွေးခြင်း၊ အလုပ်အကိုင်များအား ဆွေးနွေးခြင်း၊ ကျေးရွာ၏ ဖွံ့ဖြိုးမှုအခြေအနေများအား ဆွေးနွေးခြင်း၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများအား ဆွေးနွေးခြင်း။

## သုံးသပ်ချက်

မိုင်းတုံးတာကြီးကျေးရွာ၏ လူမှုစီးပွားအခြေအနေမှာ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ အခြေအနေသုံးရပ်ရှိသော်လည်း ခွဲခြားမှုမရှိဘဲ တစ်စုတစ်စည်းတည်း နေထိုင်ကြပါသည်။ အဓိက စီးပွားရေးအဖြစ် စပါး၊ မြေပဲ၊ ကြက်သွန်ကို အဓိကစိုက်ပျိုးပြီး အခြားသီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးကြပါသည်။ ပင်လည်ဘူးမြို့နှင့် ၂၃မိုင်ကွာဝေးပြီး ကျေးရွာခြင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုရှိကြောင်း သိရှိရပါသည်။ ကျေးရွားအုပ်စုတွင် မူလတန်းကျောင်းသာရှိသောကြောင့် ပညာရေးတွင်လည်း အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးအတွက် ဆေးကုသမှု ခံယူရာတွင် မံစီလေးကျေးရွာနှင့် ပင်လည်ဘူးမြို့သို့ သွားရောက်ကုသကြပြီး အစစအရာရာဖွံ့ဖြိုးမှုအားနည်းကြောင်း တွေ့ရှိရပါသည်။

၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်




## ဆွေးနွေးချက်

ကျေးရွာပတ်ဝန်းကျင်တွင် ရရှိနိုင်သောအရင်းအမြစ်များအား ဆွေးနွေးခြင်း၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ရရှိနိုင်သောအရင်းအမြစ် အခြေအနေများအားဆွေးနွေးခြင်း၊ အရင်းအမြစ်များနှင့်ပတ်သက်၍ ဖြစ်ပေါ်နိုင်သော ပြဿနာဆိုးကျိုးများအားဆွေးနွေးခြင်း။

## သုံးသပ်ချက်

သစ်တောများမှလည်း သစ်တောထွက်ပစ္စည်းများ၊ ထင်းများ ထုတ်ယူသုံးစွဲနိုင်ကြောင်း သိရှိရပါသည်။ လယ်ယာမြေများအသုံးပြု၍ စိုက်ပျိုးသီးနှံများစိုက်ပျိုးရောင်းချကာ အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ မိုးတွင်းအခါတွင် ရေကြီး၊ ရေလျှံမှုများ၊ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၅။ အမျိုးသား/သမီးများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



**ဆွေးနွေးချက်**

ကျေးရွာတွင်အမှန်တကယ်လိုအပ်သော လုပ်ငန်းခွဲ၏အခက်အခဲလိုအပ်ချက်များကို ဆွေးနွေးခြင်း၊ ကျေးရွာမှ လိုအပ်သော ပထမဦးစားပေးလုပ်ငန်း၏ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးခြင်း။

**သုံးသပ်ချက်**

ကျေးရွာတွင်မူကြိုကျောင်းမရှိသည့်အတွက် ကလေးငယ်များအား ကျောင်းအပ်ရန်ခက်ခဲခြင်း၊ အမျိုးသမီးများဝင်ငွေရှာချိန် နည်းပါးခြင်း၊ လုပ်ငန်းချိန်လျော့နည်းခြင်း၊ အသိပညာဖွံ့ဖြိုးမှုအားနည်းခြင်း စသည်တို့ကို တွေ့ရှိရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းကြောင့် မိသားစုစားဝတ်နေရေး အဆင်မပြေမှုများဖြစ်နေကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်အခက်အခဲများကို ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ကာ ဆောင်ရွက်သွားကြရန်ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၇။ ဦးစားပေးအစီအစဥ်ပြဇယား (Matrix Ranking)



## ဆွေးနွေးချက်

ကျေးရွာလိုအပ်ချက် အခက်အခဲများကို ကျေးရွာလူထုမှ ဖော်ထုတ်ဆွေးနွေးခြင်း၊ ဦးစားပေးလုပ်ငန်းများအား သတ်မှတ်ရွေးချယ်ရန် ဆွေးနွေးခြင်း၊ အများသဘောတူ ရွေးချယ်ကြရန်ဆွေးနွေးခြင်း လုပ်ငန်းခွဲကုန်ကျငွေ ခန့်မှန်းတွက်ချက်ဆွေးနွေးခြင်း။

## သုံးသပ်ချက်

ကျေးရွာလိုအပ်ချက် အခက်အခဲများကို ဦးစားပေးအဆင့်သတ်မှတ်ရာတွင် ဦးစားပေး(၁)အနေဖြင့် မူကြိုကျောင်း၊ ဦးစားပေး(၂) အနေဖြင့် ဆေးပေးခန်း၊ ဦးစားပေး(၃) အနေဖြင့် ရွာခြင်းဆက်လမ်း၊ ဦးစားပေး(၄) အနေဖြင့် အားကစားကွင်း၊ ဦးစားပေး(၅) အနေဖြင့် ရွာတွင်းလမ်းကျောက်ခင်းခြင်း စသည်တို့အား အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ဆောင်သွားကြရန် ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၈။ ပင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်




## ဆွေးနွေးချက်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ဆောက်ရွက်နေသော ကျေးရွာတွင်းရှိ အဖွဲ့အစည်းများအား ဆွေးနွေးခြင်း၊ အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အခြေအနေများအား ဆွေးနွေးခြင်း။

## သုံးသပ်ချက်

ကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အမျိုးသား/သမီး အဖွဲ့၊ ဂေါပကအဖွဲ့၊ စီမံကိန်းအဖွဲ့၊ မီးသတ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့များမှ ကျေးရွာအကျိုးပြုလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အနေအထားမှာ အုပ်ချုပ်ရေး ဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ သစ်တောဌာန၊ တိမွေးကု၊ စိုက်ပျိုးရေး၊ မြေစာရင်းဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မှု ရှိပြီး ကျေးရွာလူထုအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အားနည်းမှုရှိကြောင်း တွေ့ရှိရပါသည်။

## ၉။ ကျား၊ မရေးရာခွဲခြမ်းစိတ်ဖြာခြင်း




## ဆွေးနွေးချက်

အရင်းအမြစ်သုံးစွဲမှုများတွင် အမျိုးသား/သမီး အသုံးပြုခြင်း၊ ထိန်းချုပ်ခြင်းဆိုင်ရာများ ဆွေးနွေးခြင်း အမျိုးသား/သမီး တန်းတူအခွင့်အရေးရရှိခြင်း၊ အသုံးပြုမှုရရှိစေရန် ရည်ရွယ်ထားကြောင်း ဆွေးနွေးခြင်း။

## သုံးသပ်ချက်

လယ်၊ ယာမြေသစ်တော၊ ချောင်း စသည့် သဘာဂပတ်ဂန်းကျင် အရစ်အမြစ်များအား အမျိုးသား/သမီး တန်းတူအသုံးပြုခွင့်ရရှိပြီး လယ်ယာမြေများအား ထိန်းချုပ်ခြင်းတွင် အမျိုးသားများမှ ထိန်းချုပ်မှုရှိကြောင်းတွေ့ရှိရပါသည်။ သီးနှံစိုက်ပျိုးရောင်းချမှု၊ သစ်တောထွက်ပစ္စည်းများ အသုံးပြုမှုကို အမျိုးသား/သမီး တန်းတူအသုံးပြုခွင့်ရှိပြီး ထိန်းချုပ်မှု အပိုင်းတွင်လည်း တူညီမှုရှိကြောင်း တွေ့ရှိရပါသည်။ လက်ဂတ်ရတနာဖြစ်သော ရွှေထည်ပစ္စည်းများအား အမျိုးသား/သမီး အသုံးပြုခွင့်တူညီသော်လည်း ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသမီးများမှ ထိန်ချုပ်မှုရှိကြောင်း တွေ့ရှိရပါသည်။

## ၁၀။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

အမျိုးသမီးဆိုင်ရာသုံးသပ်ခြင်းနှင့် ပတ်သက်၍ပူးပေါင်းပါဝင်မှု၊ ဝင်ငွေရရှိမှု၊ အရင်းအမြစ်အပေါ် လက်လှမ်းမီမှု၊ အိမ်မှုကိစ္စဆောင်ရွက်မှု၊ ခေါင်းဆောင်မှု၊ ပညာတတ်မြောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ ဆုံးဖြတ်ချက်ချနိုင်မှုဟူ၍ခေါင်းစဉ်(၈)ခုဖြင့်ဆွေးနွေးခြင်း။

## သုံးသပ်ချက်

ပူးပေါင်းပါဝင်မှု၊ ဦးဆောင်ဆုံးဖြတ်ချက်ချမှုနေရာများတွင် အမျိုးသမီးများမှ အမျိုးသားများထက် နိမ့်ကျနေကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများအနေဖြင့် ပညာသင်ကြားရာတွင် တန်းတူသင်ကြားခွင့်ရှိပြီး အိမ်မှုကိစ္စများဆောင်ရွက်ရာတွင် သာလွန်၍ ဆောင်ရွက်ရကြောင်းသိရှိရပါသည်။ အရင်းအမြစ်အပေါ် အသုံးချမှုများတွင်လည်း တန်းတူအသုံးချမှုရှိပြီး ဝင်ငွေရှာနိုင်မှု၊ အလုပ်အကိုင် အခွင့်အလမ်းရှိမှုများတွင် အမျိုးသားများမှ ပိုမိုရရှိကာ အမျိုးသမီးများအား ဖေးမလက်တွဲကာ နေရာပေးသင့်ကြောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၁၁။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

လမ်းပမ်းဆက်သွယ်ရေး အခြေအနေများမှာ ယခုအခြေအနေထက် တိုးတက်ကောင်းမွန်လာရန် မျှော်လင့်ထားရှိမှု အခြေအနေများအား ဆွေးနွေးခြင်း၊ ကျေးရွာ၏ပညာရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ကောင်းမွန်လာရန် ဆောင်ရွက်သင့်သည့် အချက်များအား ဆွေးနွေးခြင်း။

## သုံးသပ်ချက်

မိုင်းတုံးတာကြီးကျေးရွာသည် နောင်လာမည့်အချိန်တွင် ရွာခြင်းဆက်လမ်းတံတားများကောင်းမွန်ပြီး ဒေသထွက်သီးနှံများ အချိန်မီရောင်းချနိုင်ခြင်း၊ မူကြိုကျောင်းဆောက်လုပ်ပြီးစီး၍ ကလေးသူငယ်များ အသိပညာတိုးပွားကာ အမျိုးသမီးများဝင်ငွေရရှိနိုင်ခြင်း၊ အားကစားကွင်းများ၊ စာကြည့်တိုက်များရှိလာပြီး လူငယ်များအသိပညာတိုးပွား၍ လမ်းမှားမရောက်ခြင်း၊ ၂၄နာရီမီးရရှိ၍ ဖွံ့ဖြိုးတိုးတက်သောကျေးရွာဖြစ်လာစေရန်မျှော်လင့်ထားကြောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ထိခိုက်လွယ်အုပ်စုများ၏ မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ပထမနှစ်စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်ပြီးစီးမှုမှတ်တမ်းဓါတ်ပုံ



ဒုတိယနှစ်စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်ပြီးစီးမှုမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးကျော်ဦး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်မေယုခင် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဦးကျော်နိုင်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄ | ဒေါ်မို့ကို | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးကျော်သူ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမောင်တူး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၇ | ဒေါ်မပွဲ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်အိအိထွေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးနေလင်းဦး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ ဥက္ကဌ |
| ၁၀ | ဒေါ်ခင်ဂင်းကြည် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်စိုးမိုးကြည် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးသန်းလွင် | ကျား | ကျေးရွာငွေစာရင်းကိုင် |
| ၁၃ | ဦးဂင်းမြင့် | ကျား | အကြံပြုချက်ဖြေရှင်းရေး |
| ၁၄ | ဒေါ်ခင်အေး | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၅ | ဦးသန်းနိုင်ဦး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်အေးအေးခိုင် | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၆) ယောက်        ကျား-၈ ယောက် +မ-၈ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးမောင်ရွှေ        ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

ဦးစိုးမြင့်        ကျေးရွာအုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ၊စာရင်းကိုင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်နန်းမြတ်မွန်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။၉/ ၁၂ / ၂၀၁၆

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

လူထုပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| ညွှန်ကြားချက်၊ ကျေးရွာတစ်ရွာသို့ ပထမအကြိမ်ဆက်ဆံရန် သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉-[illegible] | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] ကျေးရွာ [illegible] | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --[illegible]--- | ၉၆ | ဘာသာ (၁) ---[illegible]---- | ၉၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ(၆၅ နှစ်နှင့် အထက်) | ၆ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-[illegible]--- | ၁၃၄ | ၁၂၀ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၉ | ၇ |

၁၅၄

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) ၂၉.၁၀.၂၀၁၆

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်ပေးသော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | | (၂) ကျန်းမာရေး | | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | | ဆရာဝန် | ☐ | ☐ | | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | | လျှပ်စစ်ကျွမ်းကျင် မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | | သားဖွားဆရာမ | ☑ | ☐ | | ရေပိုက်ဆက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?　　ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　　နှစ် 2012/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　　အတည်ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာဗဟိုမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　　မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန်--------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ---------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ---------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ငလျင်မြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား

☑ မရှိပါ　　☐ ရှိပါသည်　　ရှိလျှင်ဖော်ပြပါ ---------------------------

လူထုဝပ်ပိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ဖ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဝပ်ပိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မရှိ

(၂) ------------------------------


ကျေးရွာခေါင်းဆောင် — အမည် ဦးမြင့်မိုး

လက်မှတ် မြင့်မိုး  နေ့စွဲ ၉.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်နှင်းမြတ်မွန်

လက်မှတ် My  နေ့စွဲ ၉.၁၂.၂၀၁၆

## ၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား



| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၀-၃-၁၇ | ၁၀-၃-၁၇ | ၂၇ | ၂၅ | ၅၂ | - | - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | - |
| ၆.၄။ မြေ/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၀-၃-၁၇ | ၁၀-၃-၁၇ | ၂၇ | ၂၅ | ၅၂ | | - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် (သုံးပိုင်) | ၂၈-၃-၁၇ | ၂၈-၃-၁၇ | ၆ | ၅ | ၁၁ | | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် (ခြောက်ပိုင်) | ၅-၅-၁၇ | ၅-၅-၁၇ | ၁၀ | ၆ | ၁၆ | | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် (ကိုးပိုင်) | ၇-၆-၁၇ | ၇-၆-၁၇ | ၁၀ | ၉ | ၁၉ | - | - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၁၆-၆-၁၇ | ၁၆-၆-၁၇ | ၃၂ | ၂၇ | ၅၉ | ၅၂ | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၁၆-၆-၁၇ | ၁၆-၆-၁၇ | ၃၂ | ၂၇ | ၅၉ | ၅၂ | - |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်နန်းမြတ်မွန် | | | | |
| နေ့စွဲ | ၉-၁၂-၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း | စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု ခိုင်းတုံးတ | ကျေးရွာ ခိုင်းတုံးတကြီး | |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | - မူကြိုကျောင်း မရှိခြင်း | ၁ | ကျန်းမာရေး ဆေးပေးခန်း မရှိခြင်း |
| ၂ | - ကျန်းမာရေး အခက်အခဲ ရှိခြင်း | ၂ | မူကြိုကျောင်း မရှိခြင်း |
| ၃ | - ရွာချင်းဆက်လမ်း သွားလာရေး ခက်ခဲ | ၃ | ရွာချင်းဆက်လမ်း မကောင်းခြင်း |
| ၄ | - ရွာတွင်းလမ်း ဗွက်ထူ ရေဝပ်ခြင်း | ၄ | ရွာတွင်းလမ်း ဗွက်ထူ ရေဝပ်ခြင်း |
| ၅ | - အားကစားကွင်း မြေညီညာမှုနှင့် | ၅ | ဘောလုံးကွင်း မရှိခြင်း |
| | မတတ်နိုင်ခြင်း | | - စက်ချုပ်၊ လက်မှုပညာများ မတတ် |
| | - စိုက်ပျိုးနည်းပညာများ မသိရှိခြင်း | | မြောက်ခြင်း |
| | - စက်ပြင်၊ ကားမောင်း သင်တန်းများ | | - ရင်းနှီးငွေ ရှားပါးခြင်း |
| | မတတ်မြောက်ခြင်း | | - စိုက်ပျိုးနည်းပညာ အားနည်းခြင်း |
| | - မျိုးကောင်း၊ သန့်ဆေးများ စိုက်ပျိုး ရေး နည်းခြင်း | | - အလုပ်အကိုင်၊ အခွင့်အလမ်း မရှိခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | မူကြိုကျောင်းရှိကာ ပညာရေး မြင့်မားလာမည် | ၁ | ဆေးပေးခန်း ရှိရမည်။ |
| ၂ | ဆေးပေးခန်း ရှိရမည်။ | ၂ | အမျိုးသမီးများ ဝင်ငွေ ရှာနိုင်လာမည်။ |
| ၃ | ရွာချင်းဆက်လမ်း ကောင်းမွန်ရမည်။ | ၃ | ရွာချင်းဆက်လမ်းများ ကောင်းရမည်။ |
| ၄ | ရွာတွင်းလမ်း ကောင်းမွန်ရမည်။ | ၄ | ရွာတွင်းလမ်း ကျောက်ခင်းလမ်း ဖြစ်ရမည်။ |
| ၅ | အားကစားကွင်း ရှိရမည်။ | ၅ | ဘောလုံးကွင်း ရှိရမည်။ |
| | - စိုက်ပျိုးနည်းစနစ်များ သိရှိကာ | | - စက်ချုပ်၊ လက်မှုပညာများ ကျွမ်းကျင် |
| | ကာ မျိုးကောင်း၊ သန့်ဆေးများ | | လာရမည်။ |
| | စိုက်ပျိုးလာနိုင်မည်။ | | - စိုက်ပျိုးနည်းပညာများ သိရှိလာရမည်။ |
| | - အလုပ်အကိုင် အခွင့်အလမ်းများ | | - မျိုးကောင်း၊ သန့်ဆေးများ စိုက်ပျိုးနိုင်ရမည်။ |
| | ပေါ်များလာရမည်။ | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်း | မ | ၁၀,၀၀၀,၀၀၀ | ၂၅၄ ဦး |
| ၂ | ဆေးပေးခန်း | မ | ၁၅,၀၀၀,၀၀၀ | ၂၅၄ ဦး |
| ၃ | ရွာချင်းဆက်လမ်း (၄ မိုင် ကျောက်+မြေကတ္တ) | ကျ/မ | ၂၀,၀၀၀,၀၀၀ | ၂၅၄ ဦး |
| ၄ | အားကစားကွင်း | ကျ/မ | ၅,၀၀၀,၀၀၀ | ၂၅၄ ဦး |
| ၅ | ရွာတွင်းလမ်း (ကျောက်ခင်း) | ကျ/မ | ၂၀,၀၀၀,၀၀၀ | ၂၅၄ ဦး |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးမွေးနည်းပညာ | ကျ/မ | |
| ၂ | စက်ပြင်သင်တန်း | ကျ/မ | |
| ၃ | စက်ချုပ်သင်တန်း | ကျ/မ | - |
| ၄ | ဈေး[illegible]နည်းပညာ | ကျ/မ | |
| ၅ | [illegible]/သန့်ရှင်းရေး | ကျ/မ | |
| | | | |
| | | | |
| | | | |
| | | | |

ဉ။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးကျော်ဦး လက်မှတ် [signature] နေ့စွဲ ၆-၁၂-၂၀၁၆

၁၂။ ပုံစံ စ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဒေါ်ခိုင်ခိုင်ဖြိုးမြင့် | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း | စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု ခြင်းဝဲ့ဝက |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ခြင်းဝဲ့ဝကကြီး | မျက်ရိကျောင်း | ၄၀x၃၀x၁၂ | ၄၆ | □ ကျား ☑ မ □ ကျား + မ | ၇၅၆၀၀၀၀ | | ၂၅၂၉၅၀ | ၇၈၁၂၉၅၀ |
| ခြင်းဝဲ့ဝကလေး | မြေသားလမ်း ဖိုဝက | ၂၈၀၀x၁၈'x၁' ၂၀x၁၄x၇၄" | ၃၈ | □ ကျား □ မ ☑ ကျား + မ | ၁၃၅၆၀၀၀၀ | | ၈၁၃၃၅၀ | ၁၄၃၇၃၃၅၀ |
| | | | | □ ကျား □ မ □ ကျား + မ | | | | |
| | | | | □ ကျား □ မ □ ကျား + မ | | | | |
| | | | | □ ကျား □ မ □ ကျား + မ | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ  အမည် လက်မှတ် ရက်စွဲ

## ၁၃။ အစည်းအဝေး မှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

ကရင်ပြည်နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ..... မိုင်းတုံးတကကြီး .....

ကျေးရွာအုပ်စု ..... မိုင်းတုံးတကအုပ်စု .....

အစည်းအဝေးပြုလုပ်သည့်နေရာ ..... ကျေးရွာဇရပ် .....

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ..... ၈-၁၂-၂၀၁၆ .....

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ..... တာဝ်ယာနှစ်စီမံကိန်း မိတ်ဆက်နှင့် .....

..... လူမှုဝန်းကျင်ဆန်းစစ်ချက်များ ပြုလုပ်ခြင်း ( ပထမ အကြိမ် အစည်းအဝေး ) .....

အစည်းအဝေး တက်ရောက်သူဦးရေ။ ။ ကျား ( ၂၀ ) ဦး၊ မ ( ၂၀ ) ဦး = ( ၄၀ ) ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

**ဆွေးနွေးချက်များ**

- လူထုစည်းရုံးရေးမှူး ဝင်းထိန်းများမှ မိတ်ဆက်ကာ တာဝ်ယာနှစ်စီမံကိန်း ပထမ အကြိမ် မိတ်ဆက်အစည်းအဝေး ပြုလုပ်ခြင်း အကြောင်းအရာများအား ရှင်းပြခဲ့ပါသည်။
- ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်မှ အစည်းအဝေးတက်ရောက်လာကြသော ကျေးရွာလူထုများအား အမှာစကားပြောကြားခြင်း၊ စီမံကိန်းသို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။
- တာဝ်ယာနှစ်စီမံကိန်းတွင် ဒုတိယနှစ်အတွေ့အကြုံ သင်ခန်းစာများ ယူကာ လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ စီမံကိန်း ရည်ရွယ်ချက်၊ ထောက်ပံ့ငွေများနှင့် ပတ်သက်၍ ရှင်းပြဆွေးနွေးခဲ့ကြပါသည်။
- အကြံပြုဖြေရှင်းရေး၊ ကျား၊ မ ရေးရာ စသည်တို့အား စီမံကိန်းတွင် ထည့်သွင်း လုပ်ဆောင်သွားမည်များအား ရှင်းပြဆွေးနွေးခဲ့ပါသည်။
- စီမံကိန်းစက်ဝန်း ကာလအတွင်း လုပ်ငန်းစဉ်အဆင့်ဆင့်အား ရှင်းပြဆွေးနွေးကာ ကျေးရွာလူထုနှင့် သက်ဆိုင်သော တာဝန်ဝတ္တရားများအား အသေးစိတ် ရှင်းပြခဲ့ပါသည်။
- မိုင်းတုံးတကကြီးကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားသော ပြင်ပအဖွဲ့အစည်းများအား ရေးဆွဲပြီးကာ သုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။
- အမျိုးသမီး ပူးပေါင်းပါဝင်မှု၊ အမျိုးသား အခွင့်အရေးများအား ပင်ကျအစီအစဉ်ဖြင့် ရေးဆွဲကာ ဆွေးနွေးခဲ့ကြပါသည်။

- လူမှုစီးပွားအဆင့်သတ်မှတ်ချက်များအား ကျေးရွာလူထုနှင့် ကော်မတီဝင် (၃၀ဦးခန့်) များမှ ဆွေးနွေးခဲ့ကြပါသည်။
- ရာသီဥတုပြက္ခဒိန်များ ရေးဆွဲကာ ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်များအား သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။
- ကျေးရွာစောင့်ကြပ်ကြည့်ရှုခြင်းများ ရေးဆွဲရာတွင် အရေးကြီးကြောင်း၊ ကျေးရွာလူထု၏ အခန်းကဏ္ဍများဖြင့်သာ ရေးဆွဲသွားကြရန် ဆွေးနွေးခဲ့ကြပါသည်။

ဆုံးဖြတ်ချက်များ

- စီမံကိန်းလုပ်ငန်းများတွင် ကျေးရွာလူထုမှ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန်။
- ကော်မတီဝင်များနှင့် ကျေးရွာလူထုအကြား ပွင့်လင်းမြင်သာစွာ လုပ်ဆောင်သွားကြရန်။
- ကျေးရွာလူထု၊ ကော်မတီဝင်များမှ မိမိတာဝန်ဝတ္တရားများအတိုင်း လုပ်ဆောင်သွားကြရန်။

သဘောတူညီချက်များ

- တတိယနှစ် စီမံကိန်း စတင်ဝင်ရောက်လာသည်။ ဒုတိယနှစ် စီမံကိန်း အတွေ့အကြုံ သင်ခန်းစာများဖြင့် စီမံကိန်း ရန်ပုံငွေများအား ထိရောက်ကျိုးနပ်စွာ သုံးကာ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သဘောတူညီခဲ့ကြပါသည်။
- ကျေးရွာလူထု၏ အခန်းကဏ္ဍများဖြင့် စောင့်ကြပ်ကြည့်ရှုခြင်း ရေးဆွဲသွားကြရန်။

မှတ်တမ်းတင်သူ
ခင်မေသိန်း
ဒေါ်ခင်မေသိန်း
စောင့်ကြပ်ကြည့်ရှုခြင်း

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ...ရှင်းဝုံးတကြီး...

ကျေးရွာအုပ်စု ...ရှင်းဝုံးတအုပ်စု...

အစည်းအဝေးပြုလုပ်သည့်နေရာ ...ကျေးရွာဇရပ်...

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ...၉-၁၂-၂၀၁၆...

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ...တတိယသုံးနှစ် စီမံကိန်း စီတင်ဆောင်ရွက်မည့်အစီအစဉ် ကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းခွဲရွေးချယ်ခြင်း...

အစည်းအဝေး တက်ရောက်သူဦးရေ။ ကျား ( ၂၃ ) ဦး၊ မ ( ၁၉ ) ဦး = ( ၄၂ ) ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်များ

- ကော်မတီဖွဲ့စည်းရာတွင် ဒုတိယနှစ် စီမံကိန်း၊ ကော်မတီဝင်များမှ အချို့ကော်မတီများ ပြောင်းလဲကာ ကျေးရွာလူထုမှ ကိုယ်စားပြု ရွေးချယ်ကာ တင်မြှောက်ခဲ့ကြပါသည်။
- ကျေးရွာမြေပုံများ ရေးဆွဲကာ ကျေးရွာ ဂေဟစနစ်များအား သုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။
- ကျေးရွာအရင်းအမြစ်များအား အမျိုးသား၊ အမျိုးသမီးများမှ အသုံးပြုခြင်း၊ ပိုင်ဆိုင်ခြင်း ဆိုင်ရာ ပိုင်ဆိုင်မှုနှင့် ခွဲခြားစိတ်ဖြာခြင်းများ ပြုလုပ်ခဲ့ကြပါသည်။
- ကျေးရွာ ဂေဟစနစ်များ ပေါ်ထွက်လာ ကိုက်ညီသော လုပ်ငန်းခွဲများအား ဦးစားပေးအစီအစဉ်များ ရေးဆွဲခဲ့ကြပါသည်။
- ပထမဦးစားပေး လုပ်ငန်းခွဲ ဖြစ်သော မှိုကြီးကျောက် အသေးစိတ်တည်ဆောက်ခြင်း လုပ်ငန်းခွဲအား ပြဿနာသစ်ပင် ရေးဆွဲကာ ဖြေရှင်းနည်းလမ်းများအား ဆွေးနွေးခဲ့ကြပါသည်။
- စီမံကိန်း လုပ်ငန်းစဉ်များအား အနှစ်ချုပ်ရှင်းပြကာ ကော်မတီဝင်များ၏ တာဝန်၊ ဝတ္တရားများအား ရှင်းပြခဲ့ကြပါသည်။

## ဆုံးဖြတ်ချက်များ

- ကျေးရွာလူထုနှင့် ကော်မတီဝင်များမှ စီမံကိန်းလုပ်ငန်းနဲ့ ဆောင်ရွက်ပြီးစီးရန် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန်
- ကော်မတီ ရွေးချယ်ရာတွင် ကျေးရွာလူထု၏ အများသဘောဖြင့် ရွေးချယ်သွားကြရန်
- ကော်မတီဝင်အဖြစ် ပါဝင်သော သူများသည် သက်ဆိုင်ရာအစည်းအဝေး များကို မပျက်မကွက် တက်ရောက်ကြရန်
- ယခု ကျေးရွာ၏ စီမံကိန်းလုပ်ငန်းများအား ကျေးရွာလူထု ဆန္ဒများဖြင့် ဖော်ထုတ် ရွေးချယ်သွားကြရန်
- စီမံကိန်း ရန်ပုံငွေများအား ခိုးယောက်မှုမရှိဘဲ ကိုက်ညီမှုရှိစွာ သုံးသွားကြရန်

## သဘောတူညီချက်များ

- ကျေးရွာလူထုနှင့် ကော်မတီဝင်များမှ မူကြိုကျောင်း အသစ်အား ဆောက်လုပ်ရန်
- ကော်မတီဝင်များ ရွေးချယ်သတ်မှတ်ပေးရန်
- ကော်မတီဝင်များမှ ကျေးရွာလူထု၏ စိတ်ဆန္ဒများအား လေးစားရန်
- ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားကြရန်
- အကျိုးသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ်ကြရန်

မှတ်တမ်းတင်သူ
ခင်မြသင်း
ဒေါ်ခင်မြသင်း
စောကျော်ဝင်းထိန်

# ၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ်

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်
အနှစ်ချုပ်

မူရင်းသည် VPSC တွင်ထားရှိရပါမည်။ အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ ရိုင်းတုံးတကြီး

MIS data အနေဖြင့် သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရေကြော် ကျောင်း | ☐ ကျား ☐ မ | | |
| | ၂ | ဆေးပေးခန်း | ☐ ကျား ☐ မ | | |
| | ၃ | ရွာချင်း ဆက်သွယ်ရန်(ဒီးဒေါ်ကို) | ☐ ကျား ☐ မ | | |
| | ၄ | ရွာတွင်းလမ်း ကျောက်ခင်း | ☐ ကျား ☐ မ | | |
| | ၅ | အားကစားကွင်း | ☐ ကျား ☐ မ | | |
| အသက်မွေးဝမ်းကျောင်းလုပ်ငန်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးနည်း ပညာ | ☑ ကျား ☑ မ | | |
| | ၂ | မျိုးကောင်း/မျိုးသန့် | ☑ ကျား ☑ မ | | |
| | ၃ | စက်ချုပ်/ကွက်ရှ ပညာ | ☐ ကျား ☑ မ | | |
| | ၄ | စက်ပြင် သင်တန်း | ☑ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| ပညာရေး နှင့်ကျန်းမာရေး | ၁ | ဆေးဝါးပညာ နည်းပြား | ☑ ကျား ☑ မ | | |
| | ၂ | ဆေးပေးခန်း | ☑ ကျား ☑ မ | | |
| | ၃ | ကျောင်းဆရာ ဆရာမ | ☑ ကျား ☑ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| လူမှုရေး | ၁ | သစ်တောက်ကာ ပညည်း | ☑ ကျား ☑ မ | | |
| | ၂ | ကျောင်း ပရိဘောဂ | ☑ ကျား ☑ မ | | |
| | ၃ | ရေကြော် ဆရာမ | ☑ ကျား ☑ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| အခြား | ၁ | လျှပ်စစ်မီး လင်းရေး | ☑ ကျား ☑ မ | | |
| | ၂ | ကျေးရွာ ခင်း ဆောင် | ☑ ကျား ☑ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |